# စာရေးသူ၏ အမှာစာ

မြန်မာနိုင်ငံတွင် သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသော သို့မဟုတ် စိုက်ပျိုးထုတ်လုပ်သော မြန်မာ့ဆေးဖက်ဝင် အပင်များနှင့် ယင်းတို့၏အာနိသင်များကို ရှာဖွေလေ့လာရာတွင် လွယ်ကူနိုင်စေရန်အတွက် စာရေးသူနှင့် FAME သုတေသီ အဖွဲ့တို့ ပူးပေါင်းပြီး ဆေးဖက်ဝင်အပင်ပေါင်း (၁၅၂၈) ပင်ကို စာရင်းပြုစုထားပါသည်။

ယခင်က အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့ပြီးဖြစ်သည့် “MYANMAR MEDICINAL PLANT ENCYCLOPEDIA” စာအုပ်ပါ အပင်များအတိုင်း မြန်မာဘာသာဖြင့် ဖတ်ရှုလိုသော စာဖတ်ပရိသတ်များ၏ တောင်းဆိုချက်အရ ထပ်မံထုတ်ဝေ လိုက်ခြင်းဖြစ်ပါသည်။ ဤစာအုပ်တွင် အဓိက ဆေးဖက်ဝင်အပင်များ၏ ရုက္ခဗေဒအမည်၊ နိုင်ငံတကာအမည်နှင့် မြန်မာအမည်တို့အပြင် အပင်၏သရုပ်၊ စားနိုင်သည့် အစိတ်အပိုင်း၊ ဆေးဖက်ဝင် အစိတ်အပိုင်းနှင့် ဆေးဖက်ဝင် အာနိသင်များကို အသစ်တဖန် ထပ်မံ၍ ရေးသားပြုစုထားပါသည်။ အပင်၏ မြန်မာအမည် အခေါ်အဝေါ်ကို ဖော်ပြ ရာတွင် အချို့သောအပင်များမှာ ဒေသအလိုက် အမည်အမျိုးမျိုး ရှိနိုင်သော်လည်း စာမျက်နှာအခက်အခဲကြောင့် အသုံးအများဆုံး တစ်မျိုး သို့မဟုတ် နှစ်မျိုး ကိုသာလျှင် ရေးသားဖော်ပြထားပါသည်။ ထို့အပြင် အချို့သော နိုင်ငံတကာ အမည်တွင် နိုင်ငံ သို့မဟုတ် ဒေသကို ကိုယ်စားပြုသည့် အမည်ပါခဲ့လျှင် မြန်မာအမည် ရွေးချယ်သည့်အခါ ထိုနိုင်ငံ၏ အမည် သို့မဟုတ် ဒေသအမည်ကို ဦးစားပေး၍ ဖော်ပြထားပါသည်။

ဤစာအုပ်၌ အပင်တွင်ပါဝင်သော ဆေးဖက်ဝင် ဒြပ်ပေါင်းများ၏ အမည်ကို မြန်မာဘာသာဖြင့် ရေးသားဖော်ပြလျှင် အသံထွက်များကိုသာ ဖော်ပြနိုင်သဖြင့် မထည့်တော့ပါ။ အကယ်၍ ဆေးဖက်ဝင် ဒြပ်ပေါင်းများကို သိရှိလိုပါက ယခင်က ထုတ်ဝေခဲ့ပြီးဖြစ်သော “MYANMAR MEDICINAL PLANT ENCYCLOPEDIA” စာအုပ်တွင် လေ့လာဖတ်ရှုနိုင်ပါသည်။ ယခုစာအုပ်၌ အပင်၏ ဆေးဖက်ဝင် အာနိသင်များကို နိုင်ငံတကာ သုတေသနစာတမ်းများစွာမှ လေ့လာ၍ ရေးသား ဖော်ပြရာတွင် ဆေးဖက်ဝင်အပင် တစ်ပင်ချင်းစီ၏ သုတေသန ခိုင်မာမှုကို အကဲဖြတ်ပြီး ကြယ်ပွင့်ပြ သင်္ကေတများဖြင့် သတ်မှတ်ပေးထားပါသည်။ ဆေးဖက်ဝင် အာနိသင်များကို ဖော်ပြရာတွင် စာမျက်နှာ နေရာအခက်အခဲကြောင့် အရေးပါဆုံး အာနိသင် (၄) မျိုးမှ (၆) မျိုးအထိသာ ရေးသားဖော်ပြထားပါသည်။

ဤစာအုပ်ထဲတွင် အပင်၏ မျိုးခွဲစနစ် APG (Angiosperm Phylogeny Group System) အရ ရုက္ခဗေဒအမည်များကို အသစ်ပြောင်းလဲဖော်ပြထားပါသည်။ ထိုသို့ အပင်များ၏ ရုက္ခဗေဒအမည်များ ပြောင်းလဲရခြင်းသည် နိုင်ငံတကာ၌ မော်လီကျူး မျိုးဗီဇဆင့်ကဲဖြစ်စဉ် (Molecular phylogenetics) ကို အခြေခံသည့် ဒီအင်အေ အစီအစဉ် (DNA sequencing) နည်းပညာများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်သောကြောင့် ဖြစ်ပါသည်။ ဒီအင်အေ အစီအစဉ်၏ ရလဒ်အပေါ် မူတည်၍ အပင်များကို မျိုးခွဲပြုလုပ်ခြင်းကြောင့် ပိုမိုတိကျမှန်ကန်သော အပင်၏ ရုက္ခဗေဒအမည်များကို သတ်မှတ် နိုင်ခဲ့ပါသည်။

ထို့ကြောင့် အပင်များ၏ သိပ္ပံအမည်အနေဖြင့် မျိုးရင်းနှင့် မျိုးစုများ ပြောင်းလဲခဲ့ခြင်း ဖြစ်ပါသည်။ ထင်ရှားသော ဥပမာ အနေဖြင့် *Acacia* အပင်၏ မျိုးစုအချို့သည် *Senegalia* (သို့) *Vachellia* အဖြစ်သို့ ပြောင်းလဲသွားပြီး ခရမ်းချဉ်သီး ပင်၏ မျိုးစုသည်လည်း *Lycopersicon* မဟုတ်တော့ဘဲ *Solanum* အဖြစ်သို့ ပြောင်းလဲသွားပါသည်။ ထို့အပြင် ကျွန်းပင်၏ မျိုးရင်းမှာလည်း Verbenaceae မှ Lamiaceae သို့ ပြောင်းလဲသွားပြီ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယခုစာအုပ်တွင် ယခင်က ရုက္ခဗေဒအမည် အခေါ်အဝေါ်များကို မဖော်ပြတော့ဘဲ APG စနစ်အရ ပြောင်းလဲသွားသော ရုက္ခဗေဒအမည် အသစ်များကိုသာ ဖော်ပြထားပါသည်။ ဤစာအုပ်ထဲ၌ ပါဝင်သောအပင်များကို ရုက္ခဗေဒအမည်ဖြင့် အစီအစဉ်လိုက် ရေးသားပြုစုထားပါသည်။ အပင်၏ ရုက္ခဗေဒအမည် အချက်အလက်များကို Royal Botanic Gardens, Kew Science မှ ထုတ်ဝေသည့် Plants of the World Online Database တွင် ဖော်ပြထားသော အပင်၏အမည်များကို အဓိက အကိုးအကား (Reference) ယူ၍ ရေးသားထားပါသည်။ ထို့ကြောင့် အပင်ကို ခေတ်သစ်မျိုးအုပ်စုခွဲခြင်းပညာ (Modern Plant Taxonomy) တွင် ထင်ရှားမြင်သာသော ပြင်ပရုပ်သွင် လက္ခဏာများကို ကြည့်၍ခွဲမည့်အစား ဒီအင်အေ အစီအစဉ်များပေါ်တွင် အခြေခံ၍ ခွဲခြင်းက ပိုပြီးတိကျမှန်ကန်နိုင်ပါသည်။

သို့ဖြစ်ပါသောကြောင့် ဤစာအုပ်တွင် ဆေးဖက်ဝင်အပင်ပေါင်း (၁၅၂၈) ပင်၏ ပိုမိုတိကျမှန်ကန်သော အမည်များကို ဖော်ပြထားပါသဖြင့် စာဖတ်သူအားလုံးအတွက် အသုံးဝင်မည်ဖြစ်ပါသည်။ မြန်မာလူမျိုးများအတွက် အပင်၏ မြန်မာအမည်ကို သိရှိရုံဖြင့် အပင်၏ ရုက္ခဗေဒအမည်၊ နိုင်ငံတကာအမည်သာမက ဆေးဖက်ဝင် အာနိသင်များကိုပါ အချိန်တိုအတွင်း အလွယ်တကူ ရှာဖွေနိုင်မည် ဖြစ်သောကြောင့် အခက်အခဲမရှိ ဆက်လက်လေ့လာနိုင်ပါလိမ့်မည်။ ထို့ကြောင့် မြန်မာဘာသာဖြင့် ရေးသားထားသော “မြန်မာ့ဆေးဖက်ဝင် အပင်များပေါင်းချုပ်” စာအုပ်သည် အပင်များကို လေ့လာနေသည့် ကျောင်းသား/ကျောင်းသူများ၊ သုတေသနပြုလုပ်နေသူများ၊ ဆေးဖက်ဝင်အပင်များကို စိတ်ဝင်စား သူများနှင့် အပင်ကို အခြေခံသည့် ဆေးဝါးထုတ်လုပ်နေသူများအတွက် အထောက်အကူ ပြုနိုင်လိမ့်မည်ဟု လေးနက်စွာ ယုံကြည်မိပါသည်။